ရှင်ပေါလု အဖမ်းခံရခြင်း

YR C
NO. 12

အလွတ်ကျမ်းချက်။ ။ ရှင်လုကာခရစ်ဝင် ၆း၃၈

"သူတပါးအားပေးကြလော့။ ပေးလျှင် သူတပါးသည်
သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်းရှိမှုမက၊ သိပ်နက်လျက်၊
လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။
အကြောင်းမူကား၊ အကြင်ချိန်၊ တင်းပမာဏနှင့် သင်တို့သည်
သူတပါးအား ပေး၏၊ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။"

တနင်္ဂနွေနေ့ ၊ ခရစ်ယာန်များသည် ပေးကမ်းစွန့်ကြဲတတ်၏ ၁

ပေါလုသည် နေရာအသီးသီးတွင် အသင်းတော်များစွာကို စတင်တည်ထောင်ခဲ့သည်နှင့်အမျှ၊ သူသည် သူတို့အား ခွန်အားနှင့် ပြည့်ဝသောသူများ၊ အထူးသဖြင့် တိုးတက်ကြီးထွားသောခရစ်ယာန်များဖြစ်စေချင်ခဲ့၏။ ၎င်းကို အထောက်အကူပြုသောအရာများစွာရှိသည်မှာ မှန်ပါသည်။ သို့သော် ခရစ်ယာန်အားလုံးသည် ဆယ်ဖို့တစ်ဖို့နှင့် ပူဇော်သကာ (အလှူငွေ) များကို ပေးကမ်းဖို့ စိတ်အားထက်သန်သော စိတ်ဆန္ဒရှိရန် အရေးကြီးကြောင်း ပေါလုသိ၏။ ရက်ရောသော စိတ်မပါလျှင်၊ ခရစ်ယာန်သည် မဖွံ့ဖြိုးနိုင်ပါ။

ပေါလုသည် သူ၏တတိယအကြိမ်မြောက်သာသနာပြုခရီးစဉ်၌ သူသည် သူ၏အထူးဂရုစိုက်မှုအောက်တွင်ရှိသော အသင်းတော်များကို အထူးပူဇော်သကာအလှူငွေအတွက် ကူညီထောက်မရန် အားပေးနိုးဆော်ရန် အထူးကြိုးပမ်းခဲ့၏။ ဤပူဇော်သကာ အလှူငွေကို ယေရုရှလင်၌ရှိသော အကူအညီလိုအပ်နေသည့် ယုံကြည်သူများကို ကူညီဖို့ရန်အတွက် အသုံးပြုဖို့ဖြစ်၏။ ရောမသြဝါဒစာ ၁၅း၂၆။

အသင်းတော်အနယ်နယ်မှ ရရှိသောအလှူငွေများကို ကောက်ခံကြီးကြပ်ရန်မှာ ကြီးမားသောအလုပ်တစ်ခုဖြစ်ခဲ့၏။ ကောရိန္သု အသင်းသူအသင်းသားများသို့ ရေးသားခဲ့သော သူ၏ပထမစာစောင်၌၊ ပေါလုသည် ထိုနေရာ၌ရှိသောယုံကြည်သူများအား အထူးသော ပူဇော်သကာအလှူငွေအတွက် တစ်ခုခုပုံမှန်ဖယ်ထားရန် တောင်းဆိုခဲ့သည်။ ထို့ကြောင့် ၎င်းသည် သူရောက်လာသောအခါတွင် အဆင်သင့်ရှိမည်ဖြစ်၏။ ကောရိန္သုသြဝါဒစာ ပထမစောင် ၁၆း၁၊ ၂။

ထိုအလှူငွေများကို ပံ့ပိုးကူညီပေးကမ်းပေးသော အသင်းတော်များစွာအနက်၊ မာကေဒေါနိပြည်မှ ခရစ်ယာန်များသည် အလှူ စွန့်ကြဲပေးကမ်းဖို့ရန် အလွန်စိတ်စေတနာရှိခဲ့ကြ၏။ သူတို့၏စွန့်ကြဲပေးကမ်းလိုသောစိတ်စေတနာကို ပေါလုသည် အဘယ်ကဲ့သို့ ဖော်ပြကြောင်းကို ကောရိန္သုသြဝါဒစာ ဒုတိယစောင် ၈း၁-၄ ၌ ဖတ်ပါ။

ဤမာကေဒေါနိပြည်မှ ခရစ်ယာန်များသည် ပူဇော်သကာအလှူငွေကို ပေးကမ်းခြင်းအကြောင်းနှင့်ပတ်သတ်၍ အထူးတိုက်တွန်းတောင်းဆိုစရာ မလိုအပ်ခဲ့ကြချေ။ ထိုအစား၊ သူတို့လိုအပ်သောအရာများကိုပင်မိမိတို့ကိုယ်ပိုင်အတွက် ငြင်းပယ်ပြီး၊ အခြားသောသူများကို ကူညီနိုင်သည့် အခွင့်အရေးအတွက် အလွန်ပင်ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြ၏။ ထို့နောက် ပေါလုသည် သူတို့အား ဤမျှများစွာပေးလှူရန် မလိုအပ် ဟု ပြောဆိုသောအခါ၊ သူတို့သည် သူတို့၏ပူဇော်သကာအလှူငွေအားလုံးကိုပင် ယူသွားရန် တောင်းပန်ခဲ့ကြ၏။

အသင်းတော်များမှ အလှူငွေများကို ကောက်ခံပြီးနောက်၊ ပေါလုသည် အလွန်များသောငွေပမာဏကို သယ်ယူသွားခဲ့လေ၏။ ပေါလုသည် သူလုပ်ခဲ့သော ၎င်းအကြောင်းနှင့်ပတ်သတ်၍ အဘယ်သူကိုမျှ သံသယမဖြစ်ချင်ခဲ့ပေ။ ထို့ကြောင့် သူသည် အသင်းတော်များမှ ခေါင်းဆောင်များကို သူရှိနေသည့် ယေရုရှလင်သို့ လာရောက်ရန် ဖိတ်ခေါ်ခဲ့၏။ (ကောရိန္သုသြဝါဒစာ ပထမစောင် ၁၆း၃၊ ၄) ထို အကြောင်းကြောင့် ကောရိန္သုမြို့မှ ယေရုရှလင်သို့ ပေါလုနှင့်အတူ အပေါင်းအဖော်တို့သည် ခရီးထွက်ဖြစ်ခဲ့ကြသည်။ (တမန်တော်ဝတ္ထု ၂၀:၄)

လက်တွေ့ကျင့်သုံးရန် - ဘုရားသခင်၏အမှုတော်အတွက် သင်သည် အလှူငွေများစွန့်ကြဲပေးကမ်းရန် စိတ်အားထက်သန်နေပါသလား။ အဘယ်ကြောင့် သင်သည် မာကေဒေါနိပြည်၌ရှိသော ခရစ်ယာန်များ၏ပုံပမာအတိုင်း လိုက်လျောက်ရန် မဆုံးဖြတ်ခဲ့သနည်း။ သုတ္တံကျမ်း ၁၁း၂၄ နှင့် ရှင်လုကာခရစ်ဝင် ၆း၃၈ တို့ကို ဖတ်ပါ။

တနင်္လာနေ့ ၊ တပါးအမျိုးသားများနှင့် ယုဒလူမျိုးများ (တမန်တော်ဝတ္ထု ၂၁း၁၇-၁၉) ၂

ယေရုရှလင်သို့ ရောက်ပြီးမကြာမီ ပေါလုသည် အသင်းတော်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့၏။ ဤအစည်းအဝေးအတွင်း၊ သူနှင့် သူ့အပေါင်းအဖော်တို့သည် အကူအညီလိုအပ်နေသော ယုဒလူမျိုးယုံကြည်သူများအတွက် တပါးအမျိုးသားခရစ်ယာန်များက စုဆောင်းပြီး ကောက်ခံရရှိသော ငွေများကို တင်ပြခဲ့လေ၏။

အလှူငွေများသည် ယေရုရှလင်၌ရှိသော အကြီးအကဲများမျှော်လင့်ထားသည်ထက် အလွန်အင်မတန် များပြားခဲ့၏။ ထိုအလှူငွေကို စုဆောင်းရန်အတွက် ပေါလုသည် အလွန်ကြိုးစား လုပ်ဆောင်ခဲ့ပြီး၊ တပါးအမျိုးသားခရစ်ယာန်များသည်လည်း အခြားလိုအပ်နေသောသူများအား ပေးလှူစွန့်ကြဲရန် လွန်စွာပင်ဆက်ကပ်ခဲ့ကြ၏။ တပါးအမျိုးသားယုံကြည်သူများ ပြထားသည့် ညီအစ်ကိုရင်းကဲ့သို့သော ချစ်ခြင်း မေတ္တာစိတ်ဓာတ်

ပေါလုသည် လုံခြုံခဲ့သည်။ သို့သော် သူသည် အလွန်ဝမ်းနည်းနေ၏။ ယေရုရှလင်ကို လာရောက်ခြင်းသည် သူ့အတွက် အမှား တစ်ခုဖြစ်စေခဲ့သလား။ သူသည် ခရစ်ယာန်အသင်းတော်၌စည်းလုံးခြင်းရှိရန်အားပေးဖို့ကြိုးစားနေသောအခါ ဘာကြောင့် ဤပြဿနာအားလုံးသည် ဖြစ်ပျက်ရသနည်း။ ခရစ်တော်အတွက် သူ၏လုပ်ဆောင်ချက်သည် အဆုံးသို့ရောက်နေပြီလား။ ဘုရားတရားမယုံကြည် မကိုးကွယ်သော ရောမအရာရှိများသည် မည်သို့သြဇာလွှမ်းမိုးခဲ့သနည်း။ မိမိကိုယ်ကို ဘုရားသခင့်လူမျိုးများ၏ခေါင်းဆောင်များဖြစ်ကြသည်ဟု ဆိုကြသော လွှတ်တော်သည် ဂုဏ်သိက္ခာရှိသော ကောင်စီအစည်းအဝေးအလယ်၌ ပြင်းထန်သောတိုက်ခိုက်မှုကို စတင်ခဲ့သည်ကို သူတို့ (ရောမအရာရှိများ) တွေ့မြင်ခဲ့ရသည်။ ထိုအချိန် သူတို့သည် ဘုရားသခင်ကို အဘယ်ကဲ့သို့ ထင်သွားလိမ့်မည်နည်း။

ဤသူတို့၏အထင်အမြင်များနှင့် မေးခွန်းများအားလုံးသည် ပေါလုကို စိတ်ဓာတ်ကျခြင်းဖြစ်စေပြီး၊ ပေါလုသည် ဘုရားသခင်ထံ ဆုတောင်း၍ ငိုကြွေးခဲ့သည်။ သို့သော် ဘုရားသခင်သည် ပေါလုအား မမေ့ပစ်ခဲ့ပေ။ ထိုညနက်အချိန်၌ ဘုရားသခင်သည် မည်သို့ လုပ်ဆောင်တော်မူခဲ့သနည်း။ အငယ် ၁၁။

လက်တွေ့ကျင့်သုံးရန် - ကျွန်ုပ်တို့ဝမ်းနည်းသည့်အခါ၊ စိတ်ဓာတ်ကျသောအခါ၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဂရုစိုက်ပါသလား။ အိုး... မှန်ပါသည်၊ သူသည် ဧကန်အမှန် ဂရုစိုက်နေပါသည်။ ဟေရှာယအနာဂတ္တိကျမ်း ၄၁း၁၀-၁၃ ကို ဖတ်ပါ။ ထိုအပြင် သတ္တမနေ့အသင်းတော် ဓမ္မသီချင်းနံပါတ် အင်္ဂလိပ်လို ၁၈၁ ကိုလည်း လေ့လာကြည့်ပါ။

သောကြာနေ့ ၊ မယုံကြည်သူများနှင့်အတူ လုံခြုံခြင်း (တမန်တော်ဝတ္ထု ၂၃း၁၂-၃၅) ၆

ယုဒလူမျိုးများသည် ပေါလုကို သတ်ရန် သူတို့၏ကြံစည်မှုများ မအောင်မြင်သော်လည်း၊ သူတို့သည် လုံးဝ အရှုံးမပေးခဲ့ကြပါ။ နောက်တစ်နေ့မနက်၌ လူဦးရေ ၄၀ ကျော်သော ယုဒလူများသည် အတူတကွရောက်လာခဲ့ကြပြီး၊ ပေါလုကို သူတို့မသတ်မှီတိုင်အောင် အလျှင်းအစာမစား၊ ရေမသောက်ရဟု မိမိကိုယ်ကို ကျိန်ဆို၍ အဓိဋ္ဌာန်ပြုခဲ့ကြလေ၏။ ထို့နောက် သူတို့သည် ကောင်စီသို့ သွားခဲ့ကြ၏။ သူတို့သည် ကောင်စီအားဘာပြောဆိုခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၃း ၁၄၊ ၁၅။

သူတို့ (ကောင်စီ) သည် ၎င်းအကြောင်းကို မသိခဲ့ကြသော်လည်း၊ ပေါလု၏တူသည် ထိုသူတို့၏အကြံအစည်များကို တစ်နည်းနည်းဖြင့် သိရှိခဲ့လေ၏။ သူသည် ပေါလုကို ချုပ်ထားသော ရဲတိုက် (သို့) စစ်တန်းလျားသို့ အလျင်အမြန်သွား၍ ထိုအကြောင်းအရာအလုံးစုံတို့ကို ပေါလုအား ပြောပြလေ၏။ ထို့နောက် ပေါလု ဘာလုပ်ခဲ့သနည်း။ အငယ် ၁၇-၂၁။

ထိုလူငယ်အား လွှတ်လိုက်ပြီးနောက်၊ စစ်သူကြီးသည် သူ၏တပ်မဟာ ၂ ခုကို ခေါ်ပြီး၊ သူတို့အား မနက် ၉ နာရီတွင် စစ်သူရဲ အယောက် ၂၀၀၊ လှံကိုင်သူ ၂၀၀ ခန့်နှင့် မြင်းစီးသူရဲ ၇၀ အသင့်ရှိရန် ပြောခဲ့သည်။ ပေါလုသည် ထိုစစ်သားအယောက် ၄၇၀ ဖြင့် ဝန်းရံထားပြီး နံနက်အချိန်၌ သူတို့သည် ယေရုရှလင်မြို့မှ ထွက်၍ မိုင်းပေါင်းများစွာဝေးကွာသွားစေလိမ့်မည်ဖြစ်သည်။ သူ(စစ်သူကြီး) ၏အကြံအစည်မှာ ပေါလုကို ယေရုရှလင်မြို့မှာ လုံခြုံစွာထားရန်နှင့် မိုင်ပေါင်း ၆၀ ကျော်ဝေးသော ကဲသရိမြို့ရှိ ရောမဘုရင်ခံဖြစ်သည့် ဖေလဇ်မင်းထံ ပေးပို့ရန် ဖြစ်သည်။

ယေရုရှလင်၌ရှိသောလူများသည် သူတို့မြို့၌ ရောမစစ်သူရဲများသည် အဝင်အထွက်ရှိသည်ကို မကြာခဏမြင်တွေ့ခဲ့ကြသည်။ ထို့ကြောင့် ထိုမြို့မှ သူတို့ထွက်သွားသည်နှင့်အမျှ သူတို့အား အဘယ်သူမျှ အသေအချာ သတိမပြုမိခဲ့ကြချေ။ ထိုအပြင်၊ ညအချိန်ဖြစ်၍ ပေါလုသည် မြို့ထဲမှ ထွက်သွားရန် လုံခြုံစွာအစောင့်အရှောက်ခံနေရသူဖြစ်ကြောင်းကို မည်သူမျှ မမြင်နိုင်ခဲ့ပါ။

ကဲသရိမြို့သို့ရောက်ရန် လမ်းတစ်ဝက်ကျော်ဖြစ်သော အန္တိပတရိမြို့သို့ ရောက်သောအခါ စစ်သူရဲအယောက် ၄၀၀ သည် ယေရုရှလင်မြို့သို့ ပြန်လာခဲ့ကြပြီး၊ မြင်းစီးသူရဲ ၇၀ တို့သည် ပေါလုနှင့်အတူ ဆက်သွားခဲ့လေ၏။ သူတို့သည် ကဲသရိမြို့သို့ ရောက်သောအခါ၊ သူတို့သည် ပေါလုကို ဖေလဇ်မင်း လက်ထဲ၌ အပ်ခဲ့လေ၏။

ယေရုရှလင်မြို့၌ရှိသော စစ်သူကြီးသည် ဖေလဇ်မင်းထံ၌ ပေးလိုက်သော အခြေအနေအဖြစ်အပျက်ကို ရှင်းပြထားသည့်စာကိုလည်း ပေးအပ်ခဲ့၏။ ထိုစာစောင်၌ အဘယ်သို့ဖော်ပြထားသနည်း။ အငယ် ၂၅-၃၀။

ထိုစာစောင်ကို ဖတ်ပြီးနောက်၊ ဖေလဇ်မင်းသည် ပေါလု၏အမှု၌စွပ်စွဲချက်တင်သူများရောက်လာချိန်၌ ကြားနာမည်ဟု ကတိပေးခဲ့လိုက်၏။

လက်တွေ့ကျင့်သုံးရန် - ပေါလုသည် ဘုရားသခင်၏လူမျိုးဟုပြောဆိုကြသူများနှင့်အတူရှိခြင်းထက် တစ်ပါးမယုံကြည်သူများဖြစ်သော ရောမစစ်သူရဲ အုပ်စုတစ်စုနှင့်အတူရှိခြင်းသည် ပို၍လုံခြုံခဲ့သည်။ အလွန်ပင် ဝမ်းနည်းစရာကောင်းပါသည်။ သို့သော် သင်ရော အဘယ်သို့နည်း။ သင်သည်လည်း ယေရှုခရစ်တော်နည်းတူ ကြင်နာတတ်သောသူ၊ ချစ်တတ်သောသူ ဖြစ်နေပါသလား။ သင်သည် ဘုရားသခင်၏အမှုတော်ဆောင်များအား ကူညီနေပါလား၊ လေးစားရိုသေနေပါသလား။

ကိုးကားမှီးငြမ်းချက်များ

တမန်တော်ဝတ္ထု ၂၁း၁၇-၂၃း၃၅၊ တမန်တော်များတို့၏ လုပ်ဆောင်ချက်များ၊ စာမျက်နှာ ၃၃၅-၃၄၅၊ ၃၉၉-၄၁၈။

1. ပေါလု၏ဆွေမျိုးတော်စပ်သူများ ကျွန်ုပ်တို့အသေအချာသိထားသည်မှာ ပေါလုတွင်…… ရှိသည်။

   A) □ မိခင် D) □ ဖခင်
   B) □ အစ်မ E) □ အစ်ကို
   C) □ တူမ F) □ တူ

2. ယေရုရှလင်သို့ သွားသောလမ်းတွင်ရှိနေစဉ် ပေါလုသည် စုဆောင်းရန် အဆင်သင့်ဖြစ်မည်အကြောင်း ထိုပူဇော်သကာ အလှူငွေများကို ခရစ်ယာန်များသည် ရက်သတ္တပတ်၏မည်သည့်ရက်တွင် ကောက်ခံဖယ်ထားရမည်နည်း။ ကောရိန္သုသြဝါဒစာ ပထမစောင် ၁၆း၂။

   A) □ သတ္တမနေ့ဖြစ်သော ဥပုသ်နေ့ ဘုရားကျောင်းအတွင်း၌။
   B) □ စတုတ္ထနေ့ဖြစ်သော တစ်ပတ်တာ၏အလယ် ဗုဒ္ဓဟူးနေ့၌။
   C) □ ဆဋ္ဌမနေ့ဖြစ်သော ဥပုသ်အဖိတ်နေ့ဖြစ်သော သောကြာနေ့၌။
   D) □ ပထမနေ့ဖြစ်သော တစ်ပတ်တာ အလုပ်များမစတင်ခင် တနင်္ဂနွေနေ့၌။

ကို အကြီးအကဲအားလုံးတို့အား သဘောကျစေခဲ့၏။ သို့သော် အချို့သူများသည် ထိုလက်ဆောင်ကို အမှန်တကယ်တန်ဖိုးမထားခဲ့ကြောင်း ပေါလုပြောနိုင်သည်။

လွန်ခဲ့သောအချိန်က၊ ပေါလုသည် တပါးအမျိုးသားများကြား၌ အမှုတော်စတင်ခဲ့သောအခါ ယေရုရှလင်၌ရှိသော အချို့ သောခရစ်ယာန်များသည် ပေါလု လုပ်နေသောအရာနှင့်ပတ်သတ်၍ သူ့ကို လုံး၀ မထောက်ခံခဲ့ကြပေ။ ပေါလုသည် တပါးအမျိုးသားခရစ်ယာန်များကို ယုဒစည်းမျဥ်းစည်းကမ်းဥပဒေရိုးရာ ဓလေ့များအားလုံးကို လိုက်နာရန် မတောင်းဆိုခဲ့သောကြောင့် သူတို့သည် အလွန် စိုးရိမ်ခဲ့ကြသည်။ သူတို့ကိုယ်တိုင် တပါးအမျိုးသားများကြားတွင် သာသနာအမှုမဆောင်ခဲ့ပေမယ့်လည်း၊ ပေါလုအား သူသည် အဘယ်သို့ လုပ်ဆောင်သင့်ကြောင်းပြောနိုင်သည်ဟု ထင်ခဲ့ကြသည်။

ယေရုရှလင်ကောင်စီ၌ ဤကိစ္စအကြောင်းကို ဆွေးနွေးခဲ့ကြပြီး၊ ယုဒလူမျိုးတို့၏စည်းမျဥ်းဓလေ့များကို စောင့်ထိန်းရန် တပါအမျိုးသားခရစ်ယာန်များကို တောင်းဆိုခြင်းသည် ပညာရှိရာမကျကြောင်း လူတိုင်း ရှင်းလင်းစွာ သိမြင်နိုင်၏။ (တမန်တော်ဝတ္ထု ၁၅း၅-၃၁) သို့သော် နောက်ပိုင်းတွင်၊ တပါးအမျိုးသားခရစ်ယာန်များသည် အလျန်အမြန်တိုးတက်များပြားလာသည်နှင့်အမျှ၊ ယေရုရှလင်ရှိ ခရစ်ယာန်အသင်းတော်ခေါင်းဆောင် အကြီးအကဲများသည် ယုဒစည်းမျဥ်းဥပဒေများကို လိုက်နာရန် အရေးကြီးကြောင်း ထပ်မံ စတင်တိုက်တွန်းခဲ့ကြလေ၏။ သူတို့သည် ပေါလုကို သူတို့လုပ်ချင်သည့်အတိုင်းလုပ်ဆောင်ရင်တောင်၊ သူ့အားကူညီထောက်ပံ့ရန် ငြင်းပယ်ခဲ့ကြသေးသည်။

ငွေများကို ပေးအပ်ပြီးနောက်၊ ပေါလုသည် ဘာထပ်လုပ်ဆောင်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၁း၁၉။ ပေါလု၏ တင်ပြချက်အပြည့်အစုံကို သူတို့ကြားရသောအခါ၊ သူတို့သည် “ဘုရားသခင်ကို ချီးမွမ်းခဲ့ကြ၏။” သူတို့၏မှားယွင်းသောစိတ်နေစိတ်ထားများဖြင့် ဘုရားသခင်၏အမှုတော်လုပ်ငန်းကို ချုပ်ကိုင်နေကြသည်ကို နားလည်သဘောပေါက်ခဲ့ကြလေ၏။ သူတို့သည် သူတို့၏မှားယွင်းမှုကို ဝန်ချရန်နှင့် ပေါလု၏ တပါးအမျိုးသားများထံ သာသနာပြုခြင်းလုပ်ငန်းကို အပြည့်အဝထောက်ပံ့ခြင်း အစပြုရန် အလွန်ထူးမြတ်သော အခွင့်အရေးကို ရရှိခဲ့ကြသည်။

လက်တွေ့ကျင့်သုံးရန် - ဘုရားသခင်၏အမှုဆောင်များအားလုံးသည် ထိုအရာများကို လုပ်သင့်သည်ဟု သင်ထင်မြင်ယူဆသည့်အတိုင်း မလုပ်ဆောင်သော်လည်း၊ သင်သည် သူတို့အား အပြည့်အဝပံ့ပိုး ကူညီနေပါသလား။

အင်္ဂါနေ့ ၊ ဆိုးသော အစီအစဥ်တစ်ခု (တမန်တော်ဝတ္ထု ၂၁း၂၀-၂၆) ၃

ပေါလုသည် တပါးအမျိုးသားများကြားတွင် သူ့အားဖြင့် ဘုရားသခင် အဘယ်သို့ အလုပ်လုပ်ဆောင်ခဲ့ကြောင်းကို ပြောပြပြီးသောအခါ၊ ယေရုရှလင်ရှိအကြီးအကဲတို့သည် အဖြစ်အပျက်များအတွက် ဘုရားသခင်ကို ချီးမွမ်းကျေးဇူးတင်ခဲ့ကြ၏။ သို့သော် ယုဒလူမျိုး၏စည်းမျဥ်းစည်းကမ်းများသည် အလွန်အရေးကြီးကြောင်း သူတို့မှတ်ယူထင်နေဆဲကြောင်းကို သူတို့ပြောဆိုသောစကားများက ဖော်ပြခဲ့၏။ သူတို့သည် ပေါလုအား မည်သို့လုပ်ဆောင်ရန် တောင်းဆိုခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၁း၂၀-၂၄။

ဘုရားသခင်သည် ပေါလုအား ဤထောက်ခံချက်ပေးရန် အ ကြီးအကဲများကို မမိန့်မှာခဲ့ပါ။ အကယ်၍၊ သူတို့သည် ယုဒလူမျိုး၏စည်းမျဥ်းစည်းကမ်းကို မစောင့်ခဲ့ပါက၊ လွှတ်တော်သည် သူတို့အား သတ်လိမ့်မည်သို့မဟုတ် အကျဥ်းချမည်ကို သူတို့သည် ကြောက်လန့်နေခဲ့ကြသည်။ သို့သော် ဤအကြောင်းအရာ၌ အကြီးအကဲများ၏စကားများကို နာခံရန် ဘုရားသခင်သည် ပေါလုအား မတောင်းဆိုခဲ့ချေ။ အဘယ်သို့ပင်ဖြစ်စေကာမူ၊ ကျွန်ုပ်တို့သည်လည်း သူတို့၏အကြံဥာဏ်ပေးခြင်းသို့ နာခံလိုက်လျောက်ရန် ဆုံးဖြတ်ခြင်းအတွက် ပေါလုအား ပြင်းထန်စွာ အပြစ်တင်နိုင်ပါသည်။ အငယ် ၂၆။ ယုဒလူမျိုးနှင့် တပါးအမျိုးသားခရစ်ယာန်များအကြား စည်းလုံးမှုကို ပေါလုသည် အလွန်တောင့်တခဲ့ပြီး ၎င်းကို ဖြစ်မြောက်စေရန် သူတတ်နိုင်သမျှ လုပ်လိုခဲ့၏။

အကယ်၍ ပေါလုသည် သူတို့၏အကြံပေးချက်တို့ကို လိုက်နာပါက၊ ယုဒလူမျိုး၏စည်းမျဥ်းများကို မလိုက်နာပဟု ပြောဆိုသူများအား နှုတ်ပိတ်လိမ့်မည်ဟု အကြီးအကဲများက မျှော်လင့်နေကြ၏။ သူတို့သည် လွန်ခဲ့သောနှစ်အနည်းငယ်က ကောင်စီ၏ဆုံးဖြတ်ချက်ကို ထောက်ခံနေဆဲဖြစ်ကြောင်း ပေါလုအား အာမခံခဲ့ကြ၏။ သို့သော် သူတို့၏လုပ်ရပ်များသည် သူတို့၏စကားလုံးများကို ဆန့်ကျင်နေပြီး၊ ကောင်စီ၏ ဆုံး ဖြတ်ချက်ကို သူတို့သည် အမှန်တကယ် လုံး၀သဘောမတူကြောင်းပြသနေခဲ့သည်။

ထို့နောက် သူတို့သည်လည်း ထိုနေ့တွင် ဗိမာန်တော်ထဲဝင်ရန် ၎င်းသည် ပေါလုအတွက် အဘယ်မျှလောက် အန္တရာယ်ရှိကြောင်းကို မစဥ်းစားမိခဲ့ချေ။ ထိုနေ့သည် ပင်တေကုတ္တေပွဲနေ့ (တမန်တော်ဝတ္ထု ၂၀:၁၆) ဖြစ်ပြီး၊ နိုင်ငံများစွာမှ ယုဒလူမျိုးများသည် ယေရုရှလင်မြို့သို့ အသီးသီးရောက်နေခဲ့ကြ၏။ သူတို့များစွာထဲမှ အချို့သည် မြို့ပြအသီးသီးရှိ ပေါလု၏လုပ်ဆောင်မှုကို ပြင်းပြင်းထန်ထန်ဆန့်ကျင်သူများဖြစ်ကြ၏။ ထိုသူတို့သည် ပေါလုအား သေစေခြင်းထက် ပိုကောင်းသည့် မည်သည့်အရာကိုမျှ မလိုချင်ခဲ့ကြပေ။

ထိုသူတို့၏အစီအစဥ်မှ ထွက်ပေါ်လာမည့် ဆိုးဝါးသော အကျိုးဆက်များကို အကြီးအကဲမည်သူတစ်ဦးတစ်ယောက်မျှ ကြို မမြင်နိုင်ခဲ့ကြချေ။ ယုဒလူမျိုးများနှင့် တပါးအမျိုးသားများအကြား တင်းမာမှုကို လျော့နည်းစေမည့်အစား၊ ၎င်းသည် ပို၍ဆိုးရွားစေနိုင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ပေါလုကို ထောင်ထဲသို့ ပို့ဆောင်စေပြီး၊ အသင်းတော်သည် သူတို့၏သြဇာအရှိဆုံးခေါင်းဆောင်တစ်ဦးကို ဆုံးရှုံးစေနိုင်ခဲ့မည်ဖြစ်သည်။

လက်တွေ့ကျင့်သုံးရန် - ညံ့ဖျင်းသောဆုံးဖြတ်ချက်တစ်ခု သို့မဟုတ် အကြံပြုချက်တစ်ခုမှ ပေါ်ထွက်လာမည့်ဆိုးရွားသည့်ရလဒ်များ အားလုံးကို ကျွန်ုပ်တို့ သိနိုင်ပါသလား။ မသိနိုင်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို လမ်းပြရန်နှင့် သူပြောထားသည့်အတိုင်းသာ ကျွန်ုပ်တို့ လုပ်ဆောင်ရန်အတွက် သူ့အား အမြဲတောင်းလျှောက်ခြင်းသည် အလွန်အရေးကြီးပါသည်။

ဗုဒ္ဓဟူးနေ့ ၊ ဗိမာန်တော်၌ ဖမ်းဆီးခြင်း (တမန်တော်ဝတ္ထု ၂၁း၂၇-၂၂း၂၃) ၄

ပေါလုသည် သတိမပြုမိဘဲ ရက်ပေါင်းများစွာ ဗိမာန်တော်၌ ဝင်လိုက်၊ ထွက်လိုက် သွားလာခဲ့သည်။ သို့သော် တစ်နေ့တွင်၊ အာရှိပြည်မှ အချို့သောယုဒလူမျိုးများသည် သူ့အား သတိထားမိခဲ့ပြီး၊ သူ့ထံ အလျန်အမြန်ပြေးလွှားသည်နှင့် အကူအညီအတွက် ကျယ်လောင်စွာငိုကြွေးတောင်းခံခဲ့၏။ သူတို့သည် ဘာပြောဆိုခဲ့ကြသနည်း။ တမန်တော်ဝတ္ထု ၂၁း၂၈၊ ၂၉။

သူတို့၏စွပ်စွဲချက်သည် လုံး၀မှားယွင်းခဲ့၏။ ပေါလုသည် ဗိမာန်တော်ထဲသို့ အဘယ်တပါးအမျိုးသားကိုမှ မခေါ်ဆောင်လာခဲ့ပေ။ သို့သော် ပေါလုကို စွပ်စွဲသူများ၏ လိမ်ညာပြောဆိုခြင်းသည် အရာဝင်ခဲ့သည်၊ မကြာမီတွင် တစ်မြို့လုံး အုတ်အုတ်သဲသဲ ဖြစ်ခဲ့လေ၏။ သူတို့သည် ပေါလုအား ဗိမာန်တော်ထဲမှ ဆွဲထုတ်ပြီး၊ သတ်မိလုနီးပါးဖြစ်ခဲ့ကြသည်။ သို့သော် တစ်စုံတစ်ယောက်သည် သူတို့ကို တားခဲ့ရသည်။ ထိုသူသည် မည်သူဖြစ် သနည်း။ အငယ် ၃၁၊ ၃၂။



စစ်သူရဲတို့သည် ပြဿနာက အဘယ်သို့ဖြစ်သည်ကို မသိသော်လည်း၊ သူတို့သည် လူများပေါလုကို စိတ်ဒေါသဖြင့်ပြုသော အမှုကိုမြင်တွေ့နိုင်ခဲ့ကြ၏။ ပြဿနာက အဘယ်သို့ဖြစ်ကြောင်းကို စစ်သူကြီးမေးမြန်းသောအခါ၊ ရှင်းလင်းသောအဖြေတစ်ခုရဖို့ရန် အော်ဟစ်သံများကြောင့် ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့၏။ လူများတို့သည် ပေါလုအား သတ်ဖို့ရန် အလွန်ကြမ်းတမ်းစွာ ပြုမူနေသောကြောင့်၊ စစ်သူရဲများက သူ့ကို ဘေးကင်းရာစစ်တန်းလျားသို့ခေါ်ဆောင်ခဲ့ရ၏။

ဤသို့ဖြစ်သည်အလျှောက်၊ ပေါလုသည် တည်ငြိမ်ပြီး၊ ကြောက်ရွံ့မှု မရှိခဲ့ချေ။ ထို့ပြင် ပေါလုသည် သူမည်သည့်အလုပ်ကို လုပ်ဆောင်နေကြောင်းနှင့်ပတ်သက်သော အမှန်တရားကို လူများတို့အား ဟောပြောချင်ခဲ့၏။ ပေါလုသည် စစ်တန်းလျားသို့ ဝင်လုနီးသောအခါ၊ လူအုပ်ကြီးအား စကားပြောရန် အခွင့်ကို စစ်သူကြီးအား တောင်းဆိုခဲ့၏။ အငယ် ၃၇-၃၉။

လူအုပ်ကြီးသည် တိတ်ဆိတ်စွာနေကြသောအခါ ပေါလုသည် သူ့ကိုယ်ရေးအကြောင်းနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့သောအဖြစ်အပျက် အကြောင်းကို သူတို့အားပြောပြလေ၏။ သူသည် တာရှုမြို့မှလာသော ယုဒလူမျိုးဖြစ်ကြောင်းနှင့် ဂေါမလျေလအမည်ရှိသော ဆရာထံ ယေရုရှလင်၌ ပညာသင်ယူခဲ့ကြောင်းကို သူတို့အား ပြောပြလေ၏။ ရှေးဦးခရစ်ယာန်များသည် ညဥ်းပမ်းနှိပ်စက်ခြင်း အကြောင်းကို ထောက်ရှုပြီး၊ ယုဒလူမျိုးတို့၏ ဘာသာကို ကာကွယ်စောင့်ရှောက်ရာ၌ အဘယ်သို့ စိတ်အားကြီးကြောင်းကိုလည်း ပြောပြလေ၏။ ထို့နောက်၊ သူသည် ဒမာသက်မြို့သွားရာလမ်း၌ အဘယ်သို့ဖြစ်ပျက်ခဲ့ကြောင်းနှင့် သူ၏ ပြောင်းလဲခြင်းအကြောင်းကို ဝေငှခဲ့လေ၏။

လူအားလုံးတို့သည် ပေါလုပြောသောအကြောင်းအရာကို စေ့စေ့နားထောင်သော်လည်းပေါလုသည် တပါးအမျိုးသားတို့ထံ ဘုရားသခင်မည်သို့ သူ့အား စေလွှတ်တော်မူသည်ကို ပြောပြသောအခါတွင်၊ လူအုပ်ကြီးသည် ယခင်ကထက် ပို၍ဒေါသအမျက်ထွက်ခဲ့ကြလေ၏။ တမန်တော်ဝတ္ထု ၂၂း၂၂၊ ၂၃။

လက်တွေ့ကျင့်သုံးရန် - တစ်စုံတစ်ယောက်အား သက်သေခံရန် အခွင့်အရေးရသောအခါ သင်၏မကြာခဏပြောရမည့် အကောင်းဆုံးအရာမှာ သင်၏ကိုယ်ရေးကိုယ်တာအချက်အလက်၌ သင်၏ဘဝအသက်တာတွင် ဘုရားသခင်သည် မည်သို့ လုပ်ဆောင်ခဲ့ပုံအကြောင်းသာ ဖြစ်သည်။ ထိုသို့သောအကြောင်းအရာကို ယနေ့ သင်အဘယ်သူ့ကို ပြောပြနိုင်မည်နည်း။

ကြာသပတေးနေ့ ၊ “ကောင်းသော အားပေးနှစ်သိမ့်သူ” (တမန်တော်ဝတ္ထု ၂၂း၂၄ - ၂၃း၁၁) ၅

ရောမစစ်သားများသည် ပေါလုအား အချုပ်ခန်းထဲသို့ ခေါ်ဆောင်သွားခဲ့၏။ ပေါလုကိုအဘယ်ကြောင့် ထိုသို့အော်ဟစ်ကြသည်ကို စစ်သူကြီးသည် သိချင်ခဲ့သည်။ ထို့ကြောင့် သူသည် ပေါလုအား ကြာပွတ်ဖြင့်ရိုက်ရန် အမိန့်ပေးလိုက်၏။ သို့သော် ပေါလု သည် စစ်သူကြီး၏စိတ်ကို ချက်ချင်းပြောင်းလဲနိုင်သည့် အရာတစ်ခုကို ပြောခဲ့သည်။ တမန်တော်ဝတ္ထု ၂၂း၂၅-၂၉။



နောက်တနေ့တွင် စစ်သူကြီးသည် ပေါလုအား လွှတ်တော်ကောင်စီသို့ ပို့လိုက်လေ၏။ သို့သော် သူသည် ပေါလုကို စွပ်စွဲသည့်အကြောင်းအရင်းကို သူသိချင်နေဆဲဖြစ်၏။ ပေါလုသည် လွှတ်တော်ကောင်စီသို့ရောက်၍ ကောင်စီဝင်များကို ကြည့်နေစဥ်၊ ထိုကောင်စီဝင်များတွင် အချို့တို့သည် ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်သော ဖါရိရှဲများ၊ အချို့တို့မှာ ရှင်ပြန်ထမြောက်ခြင်းကို လက်မခံ မယုံကြည်သော ဇဒ္ဒုကဲများဖြစ်ကြောင်း သတိပြုမိ၏။ ထိုအရာသည် သူ့ကို အကြံတစ်ခု ပေးစေခဲ့၏။ ထိုနောက် ပေါလုသည် ဘာပြောဆိုခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၃း၆။

ရုတ်တရက်၊ ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့သည် တစ်ဦးနှင့်တစ်ဦး အငြင်းပွားခဲ့ကြ၏။ ဖာရိရှဲတို့သည် မည်သို့ပြောဆိုခဲ့ကြသနည်း။ အငယ် ၉။ ထို့နောက်၊ ထိုအချိန်တွင် ကောင်စီအခန်းထဲ၌ အုပ်စုနှစ်ခုကြား တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့လေ၏။ ဖာရိရှဲတို့သည် ပေါလုကို ကာကွယ်ရန် ကြိုးစားနေကြပြီး၊ ဇဒ္ဒုကဲများသည် သူ့ကို အသေသတ်ရန် ကြိုးစားနေကြ၏။ စစ်သူကြီးသည် ပေါလုကို ယခုပဲ လွှတ်တော်ခန်းမ၌ “အပိုင်းပိုင်းဆွဲ”ပစ်မည်ကို ကြောက်လန့်သောကြောင့်၊ သူသည် သူ၏စစ်သူရဲများအား ပေါလုကို စစ်တန်းလျားသို့ ဆောင်သွားစေခြင်းငှါ စီရင်ပြန်လေ၏။